# မရှိမဖြစ်လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှု

# လက်လှမ်းမီရရှိရေးစီမံကိန်း

**ရပ်ရွာလူထုအခြေပြုလက်တွဲဆောင်ရွက်မှုစီမံကိန်းရေးဆွဲမှုမူဘောင်**

*အဆိုပြုထားသောချဉ်းကပ်နည်းအကျဉ်း*

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# နိဒါန်း

- ကမ္ဘာ့ဘဏ်မှနေ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (MOHS) သို့ နည်းပညာနှင့် ငွေကြေးများပံ့ပိုးပေးလျက်ရှိပြီး အဆိုပါပံ့ပိုးမှုများအား ဆက်လက်လုပ်ဆောင်သွားပါမည်
- ကမ္ဘာ့ဘဏ်တွင်ရင်းမှပံ့ပိုးပေးထားသောစီမံကိန်းများ၏ လူမှုရေးအန္တရာယ်များနှင့်အကျိုးသက်ရောက်မှုများကိုစီမံခန့်ခွဲရန်အခြေခံမူဝါဒများရှိပါသည်
- အဆိုပါမူဝါဒများကိုအခြေခံပြီး ရပ်ရွာလူထုအခြေပြုလက်တွဲဆောင်ရွက်မှုစီမံကိန်းရေးဆွဲ မှုမူဘောင် (CEPF) အားပြင်ဆင်ခဲ့ပါသည်
- CEPF တွင်ကမ္ဘာ့ဘဏ်မှနေ၍ MOHS အားပံ့ပိုးပေးထားသောစီမံကိန်းများ၏ လူမှုရေးအန္တရာယ်များနှင့်အကျိုးသက်ရောက်မှုများကိုစီမံခန့်ခွဲမည့်လုပ်ငန်းစဉ်များနှင့်နည်းလမ်းများအားဖော်ပြထားပါသည်
- CEPFအပြည့်အစုံကိုဤနေရာတွင်တွေ့ရှိနိုင်ပါသည်

# ကမ္ဘာ့ဘဏ်၏ ပံ့ပိုးမှုမှအကျိုးရရှိသောကျန်းမာရေးစီမံကိန်းများ

- **အခြေခံကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင်ကျန်းမာရေးဝန်ဆောင်မှုအားကောင်းလာခြင်း**

➢ ကျန်းမာရေးဆိုင်ရာအဆောက်အဦးနှင့်ပစ္စည်းကိရိယာများပြုပြင်ထိန်းသိမ်းမှုများအတွက် ငွေကြေးခွဲဝေပေးခြင်း

➢ အခြေခံကျန်းမာရေးဝန်ဆောင်မှုများအတွက်လုပ်ငန်းလည်ပတ်ကုန်ကျမှုစားရိတ်များ

➢ ဝေးလံခေါင်ဖျားဒေသရှိထိလွယ်ခိုက်လွယ်လူထုများအတွက်ရွေ့လျားကျန်းမာရေးဝန်ဆောင်မှုများ

➢ အခြေခံကျန်းမာရေးဝန်ထမ်းများ၏ ရပ်ရွာလူထုအခြေပြုလက်တွဲဆောင်ရွက်မှုလုပ်ငန်းများ

➢ အားလုံးပါဝင်သောမြို့နယ်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ

- **စနစ်အားကောင်းစေခြင်း၊ စွမ်းရည်မြှင့်တင်ခြင်း**

➢ သင်တန်း၊ ဆက်သွယ်ဆောင်ရွက်မှုနှင့်ဖြန့်ဝေမှုလုပ်ငန်းများ၊ စောင့်ကြည့်အကဲဖြတ်မှုများ

# သက်ဆိုင်ရာကမ္ဘာ့ဘဏ်မူဝါဒများ

- **လုပ်ငန်းဆောင်ရွက်မှုမူဝါဒ ၄.၀၁ ၏ပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်လေ့လာမှု၊** လုပ်ငန်းစဉ်များအားလုံးသည် ပတ်ဝန်းကျင်ဆိုင်ရာရေရှည်တည်တံ့မှုနှင့် လူသားကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုများနှင့်ပက်သက်သော စိုးရိမ်မှုများအားထည့်သွင်းစဉ်းစားမှုရှိကြောင်း သေချာစေရန်

- **လုပ်ငန်းဆောင်ရွက်မှုမူဝါဒ ၄.၀၁၏တိုင်းရင်းသားလူမှုအသိုင်းအဝန်း၊** လုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ပြီး ရပ်ရွာလူထုများအားလုံးလက်လှမ်းမီကြောင်းသေချာစေရန်၊ ညှိနှိုင်းဆောင်ရွက်မှုမှတဆင့် လုပ်ငန်းစဉ်များအားကျယ်ပြန့်သောအသိုင်းအဝန်းမှ ထောက်ခံမှုရှိကြောင်း သေချာစေရန်

# စီမံကိန်းကြောင့်ဖြစ်နိုင်ချေရှိသောလူမှုရေးအန္တရာယ်များ

- **ကျန်းမာရေးအဆောက်အအုံပြုပြင်ခြင်းနှင့်တည်ဆောက်နေစဉ် အတောအတွင်း**တွင် မြေယာရယူခြင်း၊ စေတနာအရမြေယာလှူဒါန်းခြင်းနှင့်ဆိုင်သောအန္တရာယ်များ၊ အလုပ်သမားများ၏ ကျန်းမာရေးနှင့်လုံခြုံရေးဆိုင်ရာအန္တရာယ်များ၊ ကျေးရွာလူထု၏ ကျန်းမာရေးနှင့်လုံခြုံရေးအန္တရာယ်များ

- **မြို့နယ်ကျန်းမာရေးအစီအစဉ်သို့မဟုတ် ဦးစားပေးရင်းနှီးမြှုပ်နှံမှုများအားဆုံးဖြတ်နေစဉ် အတောအတွင်း** ကော်မတီများအတွင်းတွင်မျှတသောပါဝင်မှုမရှိခြင်းအန္တရာယ်များ၊ ထိခိုက်လွယ်အိမ်ထောင်စုများ တိုင်းရင်းသားအုပ်စုများအပါအဝင်တို့ကို မပါဝင်မိစေခြင်း အန္တရာယ်

- ထို့ပြင် **ပဋိပက္ခ**နှင့်ဆက်နွယ်သောအန္တရာယ်များ

# MOHS ၏ ရပ်ရွာလူထုအခြေပြုလက်တွဲဆောင်ရွက်မှုချဉ်းကပ်နည်း

## ဒီဇင်ဘာ ၂၀၁၈

- MOHS မှနေ၍ အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် *ရပ်ရွာလူထုအခြေပြုလက်တွဲဆောင်ရွက်မှုချဉ်းကပ်နည်းလက်စွဲ* ကို ဒီဇင်ဘာ ၂၀၁၈ တွင်ထုတ်ထားပေးပြီးဖြစ်သည်
- အဆိုပါလက်စွဲတွင် အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် ရပ်ရွာလူထုအခြေပြုလက်တွဲဆောင်ရွက်မှုဆိုင်ရာလမ်းညွှန်ချက်အသေးစိတ်ပါဝင်ပါသည်
- ဆုံးဖြတ်ချက်ချမှတ်ရာတွင် ရပ်ရွာလူထုပါဝင်မှုနှင့်ဆိုင်သောအခြေခံမူများ၊ ချဉ်းကပ်မှုများနှင့်လုပ်ငန်းစဉ်များအားဖော်ပြထားခြင်း
- ရပ်ရွာလူထုအခြေပြုလက်တွဲဆောင်ရွက်မှုအစီအစဉ်ရေးဆွဲနိုင်ရန်အတွက်နည်းလမ်းများ ပေးခြင်း
- ရပ်ရွာလူထုအခြေပြုလက်တွဲဆောင်ရွက်မှုတွင် အားလုံးပါဝင်မှုနှင့်ပဋိပက္ခထိခိုက်ခံနိုင်မှုရှိစေကြောင်းအတည်ပြုနိုင်သောလမ်းညွှန်ချက်များပါဝင်ခြင်း

- အခြေခံကျန်းမာရေးဝန်ထမ်းများတွင်လိုအပ်သောပံ့ပိုးကူညီမှုအရည်အချင်းများကိုဖော်ပြထားခြ
င်း
- ရပ်ရွာလူထုအခြေပြုလက်တွဲဆောင်ရွက်မှုရလဒ်များကို မြို့နယ်ကျန်းမာရေးစီမံချက်
များတွင်ထည့်သွင်းသွားနိုင်ရန် လမ်းညွှန်နှင့်ပုံစံများချပေးခြင်း
- **ကမ္ဘာ့ဘဏ်မှပံ့ပိုးပေးသော CEPF မှာ MOHS ၏ရပ်ရွာလူထုအခြေပြုလက်တွဲ
ဆောင်ရွက်မှုချဉ်းကပ်နည်းအတိုင်းလိုက်နာထားပါသည်**

# အဆိုပြုထားသော CEPF အစီအမံများ – အကျဉ်း

- ရည်ရွယ်ချက်မှာ လုပ်ငန်းစဉ်များနှင့်မြို့နယ်ဆိုင်ရာအစီအစဉ်များရေးဆွဲရာတွင် ရပ်ရွာလူထုအများ၏ထောက်ခံပံ့ပိုးမှုရရှိနိုင်ရန်အတွက် **ရပ်ရွာလူထုများအားအသိပေးအကြောင်းကြားခြင်းနှင့်တိုင်ပင်ဆွေးနွေးမှုများတွင်အားလုံးပါဝင်မှုရှိစေရန်**
- တိုင်ပင်ဆွေးနွေးရာတွင် **ခွဲခြားဆက်ဆံမှုမရှိရေးနှင့်ပဋိပက္ခထိခိုက်မှုမရှိစေရန်**
- အခြေခံကျန်းမာရေးဝန်ထမ်းများမှ **ဒေသဆိုင်ရာထိခိုက်လွယ်မှု/လူမှုရေးဆန်းစစ်လေ့လာချက်**များမှတဆင့် ထိလွယ်ခိုက်လွယ်နှင့်လက်လှမ်းမီရန်ခက်ခဲသောအိမ်ထောင်စုများအားသတ်မှတ် နိုင်ပြီး အဆိုပါအိမ်ထောင်စုများထံသို့ဆက်သွယ်ဆောင်ရွက်နိုင်မည့်အစီအစဉ်များနှင့်လုပ်ငန်းစဉ်ရေးဆွဲရာတွင်ပါဝင်မှုရှိစေရန်အစီအစဉ်များရေးဆွဲခြင်း
- **အားလုံးပါဝင်သောမြို့နယ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ**၏ ရွေးချယ်ရေးသတ်မှတ်ချက်များနှင့် ဦးစားပေးရင်းနှီးမြှုပ်နှံမှုများမှာ တိုင်ပင်ဆွေးနွေးမှုပေါ်မူတည်ပါသည်
- MOHS နှင့်ကမ္ဘာ့ဘဏ်မှနေ၍ လုပ်ငန်းစဉ်များကို **စောင့်ကြည့်**သွားပါမည်

# တိုင်ပင်ဆွေးနွေးခြင်းအခြေခံမူများ

သတ်မှတ်ထားသောတိုင်ပင်ဆွေးနွေးမှုအခြေခံမူများမှာ အောက်ပါတို့ကို အာမခံပေးနိုင်ရန်ဖြစ်ပါ သည်

- စီမံကိန်းအကောင်အထည်ဖော်နေစဉ်ကာလတစ်လျှောက်လုံး အကျိုးသက်ရောက်မှုရှိသော သူများအားလုံးနှင့်တိုင်ပင်ဆွေးနွေးခြင်း၊ အားလုံးပါဝင်လာစေရန်အသိပေးခြင်း
- စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းတွင်ပါဝင်လာစေရန်စီစဉ်ဆောင်ရွက်ပေးခြင်း
- တိုင်းရင်းသားလူနည်းစုများ၏ ထောက်ခံပံ့ပိုးမှုများရရှိစေခြင်း

- စီမံကိန်းအကောင်အထည်ဖော်နေစဉ်ကာလအတွင်း အားလုံးပါဝင်သောနှင့် အကြောင်းကြားထားသောတိုင်ပင်ဆွေးနွေးမှုများပြုလုပ်ဆောင်ရွက်ရန်

- မြို့နယ်တစ်ခုချင်းစီရှိ တိုင်းရင်းသားလူနည်းစုများ၊ ထိလွယ်ခိုက်လွယ်အိမ်ထောင်စုများနှင့် လက်လှမ်းမီရန်ခက်ခဲသောအိမ်ထောင်စုများသတ်မှတ်နိုင်ရန် အားစိုက်ထုတ်ခြင်း

- MOHS ၏ လက်ရှိစနစ်အတွင်းသို့ တိုင်ပင်ဆွေးနွေးမှုအခြေခံမှုများထည့်သွင်းခြင်းအားဖြင့် ပိုမိုအားကောင်းလာစေပြီး စီမံကိန်း၏ပံ့ပိုးမှုဖြင့်ပြုပြင်မှုများပြုလုပ်သွားနိုင်ပါမည်

# အားလုံးပါဝင်သောမြို့နယ်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုအစီအစဉ်

**အားလုံးပါဝင်သောမြို့နယ်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုအစီအစဉ်မှနေ၍ တိုင်းရင်းသားလူနည်းစုများ၊ ထိလွယ်ခိုက်လွယ်အုပ်စုများနှင့် လက်လှမ်းမီရန်ခက်ခဲသောအိမ်ထောင်စုများအနေဖြင့် စီမံကိန်း၏ အောက်ပါအကျိုးခံစားမှုများရရှိစေရန်ဆောင်ရွက်သွားပါမည်**

- ယဉ်ကျေးမှုနှင့်အညီ လိုအပ်ပါက တိုင်းရင်းသားလူနည်းစုများအရေးနှင့်ပက်သက်ပြီးတာဝန်ယူဆောင်ရွက်ရမည့်အဖွဲ့အစည်း၏ စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာအစီအမံများထည့်သွင်းသွားမည်

- အစီအမံများအား သက်ဆိုင်ရာလူထုအဖွဲ့အစည်းများနှင့်စီမံကိန်းအကောင်အထည်ဖော်ဆောင်မည့်အေဂျင်စီများအကြား အလွတ်သဘော၊ မတိုင်မီနှင့်ကြိုတင်အကြောင်းကြားထားသောတိုင်ပင်ဆွေးနွေးမှုများတွင် သဘောတူညီမှုရရှိထားရပါမည်

# အားလုံးပါဝင်သောမြို့နယ်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုအစီအစဉ်–အဆက်

- တိုင်းရင်းသားလူနည်းစုများအပေါ် ဆိုးရွားသောအကျိုးသက်ရောက်မှုဖြစ်နိုင်ချေရှိကြောင်း သိရှိပါက အဆိုပါဆိုးကျိုးသက်ရောက်မှုကို ရှောင်ရှားရန်၊ လျှော့ချရန်နှင့်ကာကွယ်ရန် သို့မဟုတ် အလျော်အစားပေးနိုင်ရန်သင့်လျော်သောလုပ်ငန်းဆောင်ရွက်မှုများရေးဆွဲရန်

- ကာကွယ်ရေးနှင့်အစားထိုးပေးရေးအတွက် ကြိုတင်ကာကွယ်မှုအစီအမံများအား ဖြစ်နိုင်ချေရှိသည့်အချိန်တိုင်းတွင်ရေးဆွဲသွားရန်အကြံပြုပါသည်

၎င်းအစီအစဉ်တွင် အကောင်အထည်ဖော်မည့်အစီအစဉ်နှင့်စီမံဆောင်ရွက်ထားမှုများအားဖော်ပြ ထားပါသည်

# အားလုံးပါဝင်သောမြို့နယ်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုအစီအစဉ်–အဆက်

- ထိလွယ်ခိုက်လွယ်အုပ်စုများဖြစ်သည့် တိုင်းရင်းသားလူနည်းစုများ၊ ရွှေ့ပြောင်းသွားလာသူများ၊ မြို့ပြဆင်းရဲသားများ၊ ဝေးလံခေါင်ဖျားအိမ်ထောင်စုများ၊ တစ်ကိုယ်ရည်မိခင်များ၊ မိဘမဲ့ ကလေးများ၊ မသန်စွမ်းသောကလေးသူငယ်/မိသားစုဝင်များရှိသောမိသားစုများနှင့် လိင်အခြေပြုအကြမ်းဖက်မှုအန္တရာယ်ကျရောက်ဖွယ်ရှိအိမ်ထောင်စုများအားလုံး၏ ပါဝင်လာမှုကိုတိုးတက်မြင့်မားလာစေရန်

ဤသို့လုပ်ဆောင်နိုင်ရန်လိုအပ်ချက်များ

- အခြေခံကျန်းမာရေးဝန်ထမ်းများ၏ ပူးပေါင်းပါဝင်လာစေရန်ချဉ်းကပ်မှုများမြှင့်တင်ရန်နှင့် စီးပွားရေးနှင့်ပထဝီအနေအထားအရကြုံတွေ့လာနိုင်သည့်အတားအဆီးများ၊ ဘာသာစကားနှင့်ယဉ်ကျေးမှုဆိုင်ရာအတားအဆီးများကိုကျော်လွှားနိုင်ရန်နည်းလမ်းများ မြှင့်တင်ခြင်း

- အခြားသောကျန်းမာရေးဝန်ဆောင်မှုများဖြစ်သည့် တိုင်းရင်းသားအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများနှင့်ချိတ်ဆက်ပေးခြင်း

## မကျေနပ်ချက်ယန္တရား

MOHS မှနေ၍ ၎င်း၏လက်ရှိမကျေနပ်ချက်ယန္တရားကို အောက်ပါအခြေခံမှုများနှင့် လုပ်ငန်းစဉ်များမှတဆင့်ပိုမိုအားကောင်းအောင်ဆောင်ရွက်သွားပါမည် (စီမံကိန်းအကောင်အထည်ဖော်နေစဉ်ကာလတစ်လျှောက်လုံး)

- သတင်းအချက်အလက်များအားကျယ်ပြန့်စွာဖြန့်ဝေခြင်း၊ တိုင်းရင်းသားဘာသာစကားများဖြင့်ကျန်းမာရေးစောင့်ရှောက်မှုစင်တာများတွင်ကပ်ထားခြင်းနှင့် လူမှုမီဒီယာများတွင်ဖြန့် ဝေခြင်း

- မကျေနပ်ချက်များတင်ပြနိုင်သောနည်းလမ်းများတိုးမြှင့်ခြင်း  (လူကိုယ်တိုင်၊ စာဖြင့်၊ ဖုန်းဖြင့်၊ လူမှုမီဒီယာဖြင့်)

- တိုင်ကြားမှုများအားစနစ်တကျကိုင်တွယ်မှတ်တမ်းတင်ခြင်း၊ သဘောတူထားသော လုပ်ငန်းစဉ်အတိုင်း စီစစ်၊ အတည်ပြု၊ နောက်ဆက်တွဲဆောင်ရွက်မှု၊ ကြားဝင်ဖျန်ဖြေမှု နှင့်ဖြေရှင်းမှု

# လုပ်ငန်းအကောင်အထည်ဖော်စီစဉ်ဆောင်ရွက်မှုများ

- လုပ်ငန်းအကောင်အထည်ဖော်စီစဉ်ဆောင်ရွက်မှုများကို ပြည်ထောင်စုအဆင့်၊ တိုင်း/ဒေသ ကြီး၊ မြို့နယ်နှင့်ကျေးရွာအဆင့်များဖြင့်စီစဉ်ထားပါသည်

- **ကျေးရွာများ၊** အခြေခံကျန်းမာရေးဝန်ထမ်းများမှနေ၍ ထိခိုက်လွယ်အုပ်စုများ၊ ဝေးလံဒေသမှရပ်ရွာလူထုများ၊ တိုင်းရင်းသားလူနည်းစုများအားသတ်မှတ်ရှာဖွေဆက်သွယ်ကာ ပူးပေါင်းပါဝင်လာစေရန်ကူညီအားပေးပါမည်

- **မြို့နယ်များ၊** ရပ်ရွာလူထုအခြေပြုလက်တွဲဆောင်ရွက်မှုမှ အခြေခံကျန်းမာရေး ဝန်ထမ်းများ၏တုန့်ပြန်မှုများက အားလုံးပါဝင်သောမြို့နယ်ဆိုင်ရာကျန်းမာရေးစီမံချက် အတွက် အထောက်အပံ့ဖြစ်စေပါသည်

- **တိုင်း/ဒေသကြီး၊** တိုင်း/ဒေသကြီးအနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ခြင်း၊ မြို့နယ်ဆိုင်ရာကျန်းမာရေးစီမံချက်အပါအဝင်အားလုံးကိုကြီးကြပ်ပေးရမည်

- **ပြည်ထောင်စု၊** MOHS ၏ပြည်ထောင်စုအဆင့်ရှိ စီမံကိန်းစီမံခန့်ခွဲမှုမှနေ၍ စီမံကိန်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေအားပုံမှန်သုံးသပ်ပြီး လိုက်နာဆောင်ရွက်မှုမရှိသောကိစ္စများ သို့မဟုတ် အနုတ်လက္ခဏာကျရောက်နိုင်သော စီမံကိန်းများအတွက် လိုအပ်သောလျှော့ချရေးအစီအမံများသတ်မှတ်ခြင်းများ ဆောင်ရွက်ရမည်

# စောင့်ကြည့်ခြင်းအတွက်ဆောင်ရွက်ထားမှုများ

ကမ္ဘာ့ဘဏ်နှင့် MOHS မှနေပြီး အောက်ပါယန္တရားများမှတဆင့် CEPF လုပ်ငန်းကောင်အထည်ဖော်ဆောင်ရွက်မှုများကိုစောင့်ကြည့်သွားပါမည် (စီမံကိန်းကာလတစ်လျှောက်လုံး)

- အခြေခံကျန်းမာရေးဂန်ထမ်းများနှင့်မြို့နယ်အဆင့်ဂန်ထမ်းများမှနေ၍ ကျေးရွာများနှင့်ကျန်းမာရေးစောင့်ရှောက်မှုစင်တာများသို့ပုံမှန်သွားရောက်ခြင်း
- ကျေးရွာများနှင့်ကျန်းမာရေးစောင့်ရှောက်မှုစင်တာများသို့ တစ်နှစ်လျှင် နှစ်ကြိမ်ပူးတွဲသွားရောက်ပြီးစောင့်ကြည့်ခြင်းများဆောင်ရွက်ရန်
- ဖုန်းခေါ်ဆိုမှုများနှင့် စာတိုပေးပို့ခြင်းမှတဆင့် အကျိုးခံစားရသူများအားအကဲဖြတ်ခြင်းနှင့်၎င်းတို့၏စိတ်ကျေနပ်မှုကိုစစ်တမ်းကောက်ယူခြင်း
- ကမ္ဘာ့ဘဏ်မှကြီးကြပ်သောစောင့်ကြည့်ရေးခရီးစဉ်များ

# တိုင်ပင်ဆွေးနွေးမှုများ

- ကမ္ဘာ့ဘဏ်မှနေ၍ MOHS ၏စီမံကိန်းများကိုပံ့ပိုးကူညီပေးရန်အတွက်ပြင်ဆင်ရာတွင် အောက်ပါ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ သက်ဆိုင်သူများနှင့်တိုင်ပင်ဆွေးနွေးမှုများစွာ ပြုလုပ်ခဲ့ပါသည်

➢ စီမံကိန်းအကျိုးခံစားရသူများ

➢ အခြေခံကျန်းမာရေးဝန်ထမ်းများ

➢ ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီးနှင့်မြို့နယ်အဆင့်ရှိ MOHS ဝန်ထမ်းများ

➢ အရပ်ဖက်လူမှုအဖွဲ့အစည်းများ

➢ အလှူရှင်များနှင့်ဖွံ့ဖြိုးရေးမိတ်ဖက်များ

အဆိုပါတိုင်ပင်ဆွေးနွေးမှုများနှင့်လက်ရှိတိုင်ပင်ဆွေးနွေးမှုမှ CEPF အပေါ်တုန့်ပြန်မှုများကို စီမံကိန်းပုံစံရေးဆွဲရာတွင်ထည့်သွင်းရေးဆွဲသွားပါမည်

မေးခွန်း?    မှတ်ချက်များ?    အကြံပြုချက်များ?